စကားပြန်များ

သင် သို့မဟုတ် သင့်မိသားစုက အင်္ဂလိပ်စကားဖြင့် ဆက်သွယ်ရန် အခက်အခဲရှိလျှင် သို့မဟုတ် လက်ဟန်ပြ AUSLAN ကိုအသုံးပြုလျှင် ကျွမ်းကျင်သည့် စကားပြန်ကို အခမဲ့ ရခွင့်ရှိပါသည်။

မိသားစု၊ မိတ်ဆွေများ သို့မဟုတ် ဘာသာစကားနှစ်မျိုးပြော ဝန်ထမ်းတို့ကို စကားပြန်ပေးရန် အသုံးပြုသည်မှာ မသင့်တော်သည့်အပြင် Monash Health မူဝါဒနှင့် ဆန့်ကျင်ပါသည်။

ကျွန်ုပ်တို့၏ စကားပြန်များသည် NAATI (National Accreditation Authority for Translators and Interpreters) အသိအမှတ်ပြုထားသူများဖြစ်သည့်အပြင် တတ်ကျွမ်းသူပညာရှင်အဖြစ် လွတ်လွတ်လပ်လပ်၊ ဖက်မလိုက်၊ လျှို့ဝှက်သိုသိပ်၊ အပြည့်အစုံနှင့် တိတိကျကျ နှစ်ဖက်စလုံးကို စကားပြန်ပေးရန် ၎င်းတို့တွင် ဆေးဘက်-ဥပဒေဆိုင်ရာ တာဝန်ရှိကြပါသည်။

ကျွန်ုပ်တို့တွင် ခန့်ထားပြီးသား စကားပြန် ၇၀ ပါဝင်အဖွဲ့ရှိပြီး၊ အာရပ်၊ ဘော့စ်နီးယား၊ မြန်မာ၊ ကင်တိုးနိစ်၊ ကရိုးရှား၊ ဒါရီ၊ ဖါဆီ၊ ဂရိ၊ ဟခါ တရုတ်၊ ဟာဇာရာဂီ၊ ဟင်ဒီ၊ အီတလီ၊ ခမာ၊ ကိုးရီးယား၊ မလေး၊ မင်ဒါရင်၊ ပါးရှ်တိုး၊ ဆားဗီးယား၊ ရိုင်ဂိုင်း၊ ဆီရှမ်၊ ဆင်ဟားလိစ်၊ စပိန်၊ ရုရှား၊ တမီးလ်၊ သီဟိုချူး၊ တူရကီ၊ အူရ်ဒူ နှင့် ဗီယက်နမ် အပါအဝင် ဘာသာစကားနှင့် အရပ်ပြောစကားပေါင်း ၂၉ ခု ရှိပါသည်။

ကျွန်ုပ်တို့၏ အဖွဲ့တွင် မပါရှိသည့် ဘာသာစကားများအတွက် ပြင်ပ အေဂျင်စီရုံးများမှ စကားပြန်များကို ကျွန်ုပ်တို့ အသုံးပြုသည်။

**ကျွန်ုပ်တို့ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများ**

Monash Health တည်နေရာ အားလုံးတွင် ၂၄ နာရီ တစ်ပတ် ၇ ရက်လုံးလုံး အောက်ပါ ဝန်ဆောင်မှုများကို ကျွန်ုပ်တို့ ဆောင်ရွက်ပေးသည်-

- ဌာနေလာရောက်- စကားပြန်များ
- ဗီဒီယို (တယ်လီကျန်းမာရေး) စကားပြန်များ
- တယ်လီဖုန်း စကားပြန်များ

အောက်ပါကိစ္စများ၌ စကားပြန်ရှိရန် အထူးသဖြင့် အရေးကြီးပါသည်-

- သင့် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို သင် သို့မဟုတ် သင့်မိသားစုအား ပြောကြားပေးသည့်အခါ
- သင့် အသက် စိုးရိမ်ရသည့် အရေးကြီးသော ဆုံးဖြတ်ချက်များကို သင် သို့မဟုတ် သင့်မိသားစုက ချမှတ်ရန် လိုအပ်သည့်အခါ
- ဆုံးဖြတ်ချက် ချမှတ်ခြင်းအတွက် ပြောကြားပေးသည့် မရှိမဖြစ် လိုအပ်သော သတင်းအချက်ကို သင် သို့မဟုတ် သင့်မိသားစုက နားထောင်ရသည့်အခါ
- သိရှိပြီးမှ ပေးသည့်ခွင့်ပြုချက် စာရွက်စာတမ်းကို သင် သို့မဟုတ် သင့် မိသားစုက လက်မှတ်ရေးထိုးသည့်အခါ
- သင့်အား ပေးသည့်သတင်းအချက်အလက်ကို သင် သို့မဟုတ် သင့်မိသားစုက မဖတ်တတ်သည့်အခါ သို့မဟုတ် နားမလည်သည့်အခါ

အထူးသဖြင့် စကားပြန်ကို စီစဉ်ထားပြီးဖြစ်သည့်အခါ ရက်ချိန်းကို သင် မလာရောက်နိုင်လျှင် ကျွန်ုပ်တို့အား အသိပေးရန်မှာ သင့်တာဝန်ဖြစ်ပါသည်။

**စကားပြန်ကို ရယူခြင်း**

ဝန်ထမ်းများသည် စကားပြန် လိုအပ်မှုကို သုံးသပ်ပြီး သင့်အတွက် စကားပြန်တစ်ယောက်ကို စီစဉ်ပေးပါမည်၊ သို့သော် စကားပြန် မရလျှင် သင် ပြသနေစဉ်အတွင်း အချိန်မရွေး စကားပြန်ကို တောင်းဆိုပါ။

**အသုံးဝင်သည့် အချိတ်အဆက်လင့်ခ်များ**

- COVID-19 Translated Resources
- Right and Responsibilities information
- Translated health information – Health Translations VIC

**ကျွန်ုပ်တို့အား ဆက်သွယ်ပါ**


(03) 9594 2375 / (03) 9554 8860

monashinterpreters@monashhealth.org / dandenonginterpreters@monashhealth.org